ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

# တနင်္သာရီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေ

အမိန့်ကြော်ငြာစာအမှတ် - ၁/၂၀၁၉

၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ထားဝယ်မြို့

# တနင်္သာရီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း
# နည်းဥပဒေ

ပူးတွဲ (က)

**တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစား**

| စဉ် | ရုံးသုံးအမည် | အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ်အဝေါ်များ | မှတ်ချက် |
|---|---|---|---|
| ၁။ | လက်ထွန် | (၁)လက်ထွန်၊ (၂)လက်သွပ်၊ လူတစ်ဦးလျှင် | (၃)လက် |
| ၂။ | ကိုင်းထောက် | ကိုင်းထောက်၊ လူတစ်ဦးလျှင် | တစ်ဦးလျှင်(၁၀)ခု |
| ၃။ | ထောင်ကျင်း | တိုင်ထောင်ငါးမျှား၊ လူတစ်ဦးလျှင် | တစ်ဦးလျှင်(၃)ခု |
| ၄။ | ငါးမျှားတန်း(ရေချို) | ငါးမျှားတန်း၊ လူတစ်ဦးလျှင်(ငါးမျှားချိပ် ၂၀ ထက်မပိုရ) | (၁)တန်း |
| ၅။ | ဘူးမျှော | ဘူးမျှော၊ လူတစ်ဦးလျှင် | (၃)ခု |
| ၆။ | လက်ပစ်ကွန် | (၁)လက်ပစ်ကွန်၊ (၂)ကွန်စေး၊ (၃)ကွန်ကြဲ၊ လူတစ်ဦးလျှင် | (၁)လက် |
| ၇။ | ရင်တွန်း | ရင်တွန်း၊ လူတစ်ဦးလျှင် အဝ(၃)တောင် ထက်မပိုရ | (၁)ခု |
| ၈။ | ပေါ်ခပ် | (၁)ကော်ပိုက်၊ (၂)မျှင်ပိုက်(ခွေးထိုး)၊ လူတစ်ဦးလျှင် | (၁)ခု |
| ၉။ | ယက်သုံ | ယက်သုံ၊ လူတစ်ဦးလျှင် | (၁)ခု |
| ၁၀။ | မြှုံးငယ်အမျိုးမျိုး | (၁)ဝိန်မြှုံး၊ (၂)ရင်ကွဲမြှုံး၊ (၃)သေန်မြှုံး၊ (၄)ပုစွန်မြှုံး၊ (၅)ဖလုံမြှုံး၊ (၆)ခရုမြှုံး၊ (၇)ပုံးမြှုံး၊ (၈)ငါးမွေးထိုးမြှုံး၊ (၉)ငါးစင်ရိုင်းမြှုံး၊ (၁၀)တုံးလုံးမြှုံး၊ (၁၁)တိုင်ထောင်မြှုံး၊ (၁၂)ငုတ်တုတ်မြှုံး၊ လူတစ်ဦးလျှင် | (၂၀)လုံး |
| ၁၁။ | မြှုံးကြီး(ရေချို) | မြှုံးကြီး(ရေချို)၊ လူတစ်ဦးလျှင် | (၃)လုံး |
| ၁၂။ | တုတ် | (၁)တုတ်၊ (၂)ကတုံး၊ (၃)စရုတ်၊ (၄)ဆင်လိမ်၊ လူတစ်ဦးလျှင် | (၃)ခု |
| ၁၃။ | တဓောင်း | (၁)တဆောင်း၊ (၂)ရွှေလှေ၊ (၃)ငှက်ဖျောဖက်တန်းပိုက်၊ (၄)ဖက်ထိုးလှေ၊ (၅)လှေစောင်းထိုး၊ လူတစ်ဦးလျှင် | (၁)ခု |
| ၁၄။ | ဆောင်း | (၁)ဆောင်း၊ (၂)ဆောင်းအုပ်၊ လူတစ်ဦးလျှင် | (၁)လက် |
| ၁၅။ | လှံထိုး | (၁)လှံထိုး၊ (၂)စူး၊ (၃)ခက်ရင်းခွ၊ (၄)မီးမောင်းထိုး၊ (၅)ငါးအင်း၊ လူတစ်ဦးလျှင် | (၁)ခု |
| ၁၆။ | ပုပ် | (၁)ဂုတ်၊ (၂)ထူး၊ လူတစ်ဦးလျှင် | (၁)ခု |

မာတိကာ-၁


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂)<br>ရေချိုငါးလုပ်ငန်းရေပြင်များ ခွဲခြားသတ်မှတ်ခြင်း | ၃ |
| ၃။ | အခန်း (၃)<br>အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၄ |
| ၄။ | အခန်း (၄)<br>နှစ်ရှည် အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၁ |
| ၅။ | အခန်း (၅)<br>ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း | ၁၄ |
| ၆။ | အခန်း (၆)<br>တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၇ |
| ၇။ | အခန်း (၇)<br>ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၅ |
| ၈။ | အခန်း (၈)<br>မိတ္တူလျှောက်ထားခြင်း | ၂၈ |
| ၉။ | အခန်း (၉)<br>ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၂၉ |
| ၁၀။ | အခန်း (၁၀)<br>တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၃၁ |
| ၁၁။ | အခန်း (၁၁)<br>အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ | ၃၆ |
| ၁၂။ | အခန်း (၁၂)<br>တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ | ၃၈ |
| ၁၃။ | အခန်း (၁၃)<br>ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ | ၄၀ |

မာတိကာ-၂


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း (၁၄) | |
| ၁၄။ | ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၄၀ |
| | အခန်း (၁၅) | |
| ၁၅။ | ကြွေးကျန်များ ကောက်ခံခြင်း | ၄၂ |
| | အခန်း (၁၆) | |
| ၁၆။ | ရေချိုငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် ရေနေသယံဇာတထိန်းသိမ်းခြင်း | ၄၅ |
| | အခန်း (၁၇) | |
| ၁၇။ | ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းရောင်းချခွင့်လိုင်စင်၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သား မှတ်ပုံတင် ကတ်များ လျှောက်ထားခြင်း | ၄၇ |
| | အခန်း (၁၈) | |
| ၁၈။ | အထွေထွေ | ၄၈ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

## ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆုတ် ၈ ရက်

## (၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ-၆၈ ၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ဥပဒေ ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ရေချိုနှင့်ငါးလုပ်ငန်း ဥပဒေ ကိုဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ငါးလုပ်ငန်း** ရေပြင် ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ရေပြင်ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေချိုငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ရေလုပ်သားမှတ်ပုံတင်** ဆိုသည်မှာ မည်သည့်ငါးလုပ်ငန်းကိုမဆို အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း လုပ်ကိုင်သည့် ရေလုပ်သားများအား အသိအမှတ်ပြု ထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေအရ သတ်မှတ်ထားသော ပုံစံကိုဆိုသည်။

(ဈ) **ငါးနေငါးထိုင်** ဆိုသည်မှာ ငါးများနေထိုင်ပေါက်ပွား ကျက်စားကြီးပြင်းရာ ရေပြင်၊ ရေနေအပင်များ ပေါက်ပွားရာနေရာ၊ ငါးများ ခိုအောင်းကြီးပြင်း မျိုးပွားရာ နေရာကိုဆိုသည်။

(ည) **ဒေသခံ** ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတွင် (၅) နှစ်ဆက်တိုက် အမှန်တကယ် နေထိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက အိမ်ထောင်စုစာရင်းနှင့်တကွ ထောက်ခံချက် တင်ပြနိုင်သူကိုဆိုသည်။

(ဋ) **လေလံတင်ရောင်းချမည့် မြို့နယ်** ဆိုသည်မှာ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးစိုက်ရာမြို့ကို ဆိုသည်။

(ဠ) **ဈေးပြိုင်စနစ်** ဆိုသည်မှာ ဥပဒေနှင့်အညီ အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိထားသူများက အပြိုင်အဆိုင်ဖြင့် လေလံဆွဲဝယ်ရမည့် စနစ်ကိုဆိုသည်။

(ၶ) **လေလံအင်း** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဒေသခံများအား ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချရန် ကြော်ငြာစာထုတ်ပြန်၍ ရောင်းချသော အင်းကိုဆိုသည်။

(ၑ) **အင်းလေးလံကြော်ငြာ** ဆိုသည်မှာ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် အင်းစာရင်း၊ ရောင်းချမည့်အစီအစဉ်၊ လေလံဆွဲဝယ်မည့်သူများ လိုက်နာရန် စည်းကမ်းချက်များ ပါရှိသည့် ကြော်ငြာစာကို ဆိုသည်။

(ဏ) ငါးနေငါးထိုင်တော ဆိုသည်မှာ ရေချိုငါးလုပ်ငန်းနယ်နိမိတ်အတွင်း ပေါက်ရောက်လျက်ရှိသည့် ကုန်းနေ၊ ရေနေ အပင်များကို ဆိုသည်။

## အခန်း (၂)

## ရေချိုငါးလုပ်ငန်းရေပြင်များ ခွဲခြားသတ်မှတ်ခြင်း

၃။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းရေပြင်များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည်-

(က) အငှားဂရန်အင်း၊

(ခ) သီးသန့်အင်း၊

(ဂ) ဘေးမဲ့အင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်၊

(င) လိုင်စင်ဖြင့် ငါးဖမ်းခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်၊

## အခန်း (၃)

## အင္ဂားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အင္ဂားဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလအတွင်းတွင် စတင်ဆောင်ရွက်ရမည်။

၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင်ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့အား တာဝန်ပေးအပ်ရမည် -

ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့

| | |
|---|---|
| (၁) သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ခရိုင်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ခရိုင်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ခရိုင်ဦးစီးဌာနမှူး<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးက<br>တာဝန်ပေးအပ်သူ အရာရှိ (၁)ဦး | အဖွဲ့ဝင် |
| (၇) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး | အတွင်းရေးမှူး |

(ခ) အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းသောဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဂရန်အင်းများ လေလံတင်ရောင်းချရာတွင် တနစ်ကကျဖြစ်စေရေး နှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက်

လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ဝန်ကြီး၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၆။ ဂရန်အင်းများ လေလံတင်ရောင်းချရာတွင် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများ စာရင်းကို (၁)နှစ်ကာလအတွက် လေလံတင် ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကို ရရှိသည့်အခါ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် လေလံတင်ရောင်းချမည့် ဂရန်အင်းများကို အစီအစဉ်ရေးဆွဲပြီး ဝန်ကြီးထံ အတည်ပြုချက်တောင်းခံရမည်၊

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် အတည်ပြုချက်ရရှိပါက ပထမအကြိမ် လေလံကြော်ငြာစာကို ဂရန်အင်း လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀)ရက် ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ပွင့်လင်းမြင်သာစွာ ကြေညာရမည်၊

(ဃ) အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံ လေလံတင်ရောင်းချရပါက ဂရန်အင်းလေလံတင် ရောင်းချမည့် ရက်မတိုင်မီ (၁၅)ရက် ကြိုတင်၍ လေလံကြော်ငြာပုံစံ(၁) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်-

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) တိုင်းဒေသကြီး၏ အကျိုးအတွက်ဖြစ်ခြင်း။

(င) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို ပထမအကြိမ်အပါအဝင် စုစုပေါင်း (၃)ကြိမ် တတိယအကြိမ်အထိ လေလံတင်ရောင်းချ နိုင်သည်။

(စ) တတိယအကြိမ်အထိလေလံတင်ရောင်းချရခြင်းမရှိသည့် အင်းများ ကို ဝန်ကြီးထံတင်ပြ အတည်ပြုချက်ရယူ၍ ကြမ်းခင်းဈေးကို ပြင်ဆင်၍ ရောင်းချရမည်။

၇။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် လေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် လေလံကြော်ငြာပါ ကာလအတွင်း လျှောက်လွှာပုံစံ(၂)တွင် ပြည့်စုံစွာ ရေးသွင်း၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၈။ နည်းဥပဒေ ၇ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးသည် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ရမည် -

(က) လွန်ခဲ့သည့် (၃)နှစ်အတွင်း တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေပါ အောက်ဖော်ပြပါ အချက်အလက်များအရ အရေးယူအပြစ်ပေးခံရသူ ဟုတ်၊ မဟုတ် -

(ကက) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂဂ) တားမြစ်ထားသော ငါးဖမ်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း။

(ခ) ငါးလုပ်ငန်းဦးစီးဌာနက အမည်ပျက်စာရင်း ကြေညာ ခြင်းခံထားရသူ ဟုတ်၊ မဟုတ်၊

(ဂ) အင်းလေလံကြော်ငြာပါ စည်းကမ်းချက်များနှင့် ကိုက်ညီသူ ဟုတ်၊ မဟုတ်။

၉။ နည်းဥပဒေ ၈ ပါ အချက်များနှင့် ညီညွတ်ပါက မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ (၃) ကိုထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ ထောက်ခံတင်ပြရမည်။ လျှောက်လွှာသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိသဖြင့် ငြင်းပယ်ရပါက ထိုသို့ငြင်းပယ်သည့် အကျိုးအကြောင်းကို အမှုတွဲတွင် ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉ အရ တင်ပြလာသော လျှောက်လွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးမှူးထံ အကြောင်းကြားရမည်။

၁၁။ နည်းဥပဒေ ၁၀ အရ အကြောင်းကြားစာရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး (၁)ရက် ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၂။ ဂရန်အင်းဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိလျှောက်ထားသော ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) မိမိလျှောက်ထားသောဂရန်အင်းအတွက်လေလံဝင်ရောက်ဆွဲဝယ်မှုမရှိလျှင် သော်လည်းကောင်း၊ ဂရန်အင်းများလေလံတင်ရောင်းချရေး အဖွဲ့ရှေ့သို့ မိမိအဆိုပြုသည့်အင်းတန်ဖိုး၏ လေလံကြေးငွေများကို တစ်ပါတည်းတင်ပြနိုင်ခြင်းမရှိလျှင် သော်လည်းကောင်း၊ အဆိုပါနှစ်မှတစ်ဆက်တည်း (၃)နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည့်အပြင် အမည်ပျက်စာရင်းသွင်းခြင်းကိုပါ ခံရမည်။

၁၃။ ဂရန်အင်း လေလံတင်ရောင်းချခြင်း မပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက်လေလံကြမ်းခင်းဈေးကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက သတ်မှတ်ပေးရမည် -

(က) လွန်ခဲ့သော (၅) နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်းပျက်စီးတိမ်ကောခြင်း ရှိ၊ မရှိ၊

(င) သက်ဆိုင်ရာအင်းတည်ရှိရာ ဒေသထူးခြားမှုအခြေအနေ။

၁၄။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အင်းတစ်ခုစီအတွက် လေလံတင်ရောင်းချသည့် အမှတ်ခဲ့ပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါက အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင် ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များကိုဖတ်ကြားခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြော်ငြာထားသည့် အစီအစဉ် အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ယူခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကိုသော်လည်းကောင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တဆင့် ဝန်ကြီးထံတင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊ ကြိုတင်ငွေထက် ပိုမိုဆွဲဝယ်လိုပါက ဆွဲဝယ်လိုသော တန်ဖိုးငွေကို တင်ပြစေခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ အပြိုင်အဆိုင် လေလံကြမ်းခင်းဈေးထက် များစွာ ကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက်နေ့ချင်းပြီး ပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်း လေလံတင်ရောင်းချရာတွင် သတ်မှတ်ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံးပေးသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲ ဝယ်ယူခွင့်ရရှိသူကို လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများအား အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူက ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲ ဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်း လေလံတင်ရောင်းချသည့် နေ့တွင်နေ့ချင်းပြီး ချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသောခြားနားငွေကို အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူက ပေးလျော်စေခြင်း၊

(ဋ) လေလံဆွဲဝယ်ရရှိသူကို ဂရန်အင်းတန်ဖိုးငွေများအား သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းဆောင်ရွက်စေခြင်း၊ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက အနီးဆုံး ဘဏ်ဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းစေခြင်း၊

(ဌ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) လေလံကြေးငွေများကို ဘဏ်သို့ အကြောင်းတစ်စုံတစ်ရာကြောင့် နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လိုအပ်လျှင် ယင်းငွေများကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့က သက်ဆိုင်ရာ ဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံခြင်း၊

(ဎ) ဂရန်အင်း လေလံတင်ရောင်းချသည့် ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင် ရောင်းချပြီး (၁၅)ရက်အတွင်း ဂရန်အင်း လေလံတင်ရောင်းချပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံစွာရေးသွင်း၍ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) အတည်ပြုချက်ရရှိပြီး (၁၅)ရက်အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ယူခွင့် ရရှိသူအား ထုတ်ပေးရမည်။

၁၆။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းများကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက် ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် တွဲအင်းအဖြစ် သတ်မှတ်၍ ရောင်းချနိုင်သည်၊

(ခ) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်း ဂရန်အင်းများကို (၃)ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါကလွန်ခဲ့သော (၅)နှစ်က ဈေးနှုန်းများ၊ မြေပြင်တွင်ဖြစ်ပေါ်နေသော အင်းအခြေအနေများ အပေါ် ကွင်းဆင်း လေ့လာစိစစ်သုံးသပ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အကျိုးအကြောင်း ဖော်ပြလျက် တင်ပြအတည်ပြုချက်ရယူကာ ပြင်ဆင်သည့် ကြမ်းခင်းဈေးဖြင့် ရောင်းချနိုင်သည်၊

(ဂ) အထက်ပိုင်းရှိ ဂရန်အင်းကို လေလံတင်ရောင်းချ၍ မရပါက ဆက်စပ်မှုရှိသည့် အောက်အင်းဂရန်ကိုင်အား ဌာနမှ သတ်မှတ်သည့် သင့်တော်သော ဈေးနှုန်းဖြင့် လုပ်ကိုင်ခွင့် ပြုနိုင်သည်၊

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

## အခန်း (၄)

## နှစ်ရှည် အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို တိမ်ကောပျက်စီးမှုမှ ကာကွယ်ရန်နှင့် တစ်နှစ်ပတ်လုံး ရေတည်ရှိသော သို့မဟုတ် ရေနေရေထိုင် ကောင်းသော အင်းများတွင် ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန် နှစ်ရှည်အငှား ဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည်အငှားဂရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်းဖော်ပြလျက် အောက်ပါအချက်များနှင့် ကိုက်ညီပါက အမှတ်တွဲတည်ဆောက်၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်-

(၁) ဂရန်အင်းကို အမှန်တကယ်လုပ်ကိုင်သူဖြစ်ခြင်း၊

(၂) အမှန်တကယ်ပြုပြင်ရန် လိုအပ်သော အင်းဖြစ်ခြင်း၊

(၃) ငါးမျိုးချန်လုပ်ခြင်း၊ ငါးမျိုးစိုက်ထည့်မွေးမြူနိုင်သော အင်းဖြစ်ခြင်း၊

(၄) ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊

(၅) သင့်တင့်မျှတသော အင်းဈေးနှုန်းဖြစ်ခြင်း။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၈။ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည် -

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ခ) ငါးထုတ်လုပ်မှုတိုးတက်စေရန် ဆောင်ရွက်နိုင်သည့် အခြေအနေ ရှိခြင်း၊

(ဂ) ငါးသယံဇာတထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ဃ) လျှောက်ထားလာသော ဂရန်အင်း၏ အင်းခွန်နှုန်းထားမှာ သင့်တင့်မျှတသော ဈေးနှုန်းဖြစ်ခြင်း။

၁၉။ နှစ်ရှည်အငှားဂရန်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နှစ်ရှည် အငှားဂရန်ကို ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်အကြောင်းကြားရမည်၊

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(ခ)အရ အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အခွန်ငွေများပေးသွင်း ရန် မြို့နယ်ဦးစီးမှူးထံ အကြောင်းကြား၍ အငှားဂရန် ပုံစံ(၆)ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာနှစ်ရှည်အငှားဂရန် လျှောက် ထားခြင်းကို ငြင်းပယ်လျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းဂရန်အင်းကို သတ်မှတ်ရာသီချိန်အတွင်း ဝန်ကြီး၏ ခွင့်ပြု ချက်ဖြင့် လေလံစနစ်ဖြင့် ရောင်းချရမည်။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်အခါ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအချက်များကို သတ်မှတ်ပေးရမည် -

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ဂရန်အင်း မျိုးချန်၊ မျိုးစိုက် ရမည့် နည်းစနစ်၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ် တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေ၏ (၁၀)ရာခိုင်နှုန်း၊

(ဃ) လိုအပ်သော အခြားစည်းကမ်းချက်များ။

၂၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ငါးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအချက် များကို သတ်မှတ်ပေးရမည်-

(က) ခွင့်ပြုသည့်လုပ်ငန်းအမျိုးအစား

(ခ) ကာလ

(ဂ) ပေးသွင်းရမည့်အခွန်အခ

(ဃ) လိုအပ်သောစည်းကမ်းချက်များ

## အခန်း (၅)
## ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း

၂၂။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော မြို့နယ်အဆင့်ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ စိစစ်ရေးကော်မတီနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေး 'မြို့နယ်' ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ရပ်ရွာအတွင်း ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စိစစ်ကြီးကြပ်ရန်၊

(၂) ငါးမျိုးပြုန်းတီးမှုကို ကာကွယ် တားဆီးရန်နှင့် ဒေသ ငါးမျိုးစိတ်များ ထိန်းသိမ်းရန်၊

(၃) ရေချိုငါးလုပ်ငန်းရေပြင်များနှင့် ရေချို ငါးလုပ်ငန်းကို အထောက်အကူပြုသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟ စနစ်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(၄) ငါးလုပ်ငန်း လုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအကြား အငြင်းပွားမှုများ မဖြစ်ပေါ်စေရေး ကြီးကြပ်ရန်၊

(၅) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲရန်နှင့် အရေး ယူ ဆောင်ရွက်ရန်။

၂၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရန် ပုံစံ(၇)ဖြင့် တင်ပြ လျှောက်ထားပါက အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင်အဖွဲ့၏ မှတ်ချက် နှင့်အတူ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးထံ ပုံစံ(၈)ဖြင့် တင်ပြရမည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့(၁)ဖွဲ့ကို အသက်(၁၈)နှစ်ပြည့် ပြီး အဖွဲ့ဝင်ဦးရေအနည်းဆုံး (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့် တင်ပြ လျှောက် ထားခြင်းအား ပထမအကြိမ် အင်းလေလံရောင်းချမည့်ရက်မတိုင်မီ (၁၅)ရက်ကြိုတင်၍ နောက်ဆုံးထား၍ လျှောက်ထားရမည်၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် ရေချိုငါးလုပ်ငန်းတို့ကို အမှန် တကယ် ဆောင်ရွက်နေသူဖြစ်ကြောင်း တင်ပြနိုင်ရမည်၊

(ဃ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်သည် ဂရန်အင်း၊ တင်ဒါ ငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်း ရေပြင်တည်ရှိရာ ကျေးရွာ

နယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စုစာရင်း တင်ပြနိုင်ရမည်၊

(င) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်အနေဖြင့် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် တည်ရှိရာနေရာသည် ၎င်း၏ လယ်ယာမြေနှင့် ထိစပ်နေကြောင်း ခိုင်မာသည့် အထောက်အထားတင်ပြနိုင်ရမည်၊

(စ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များထဲမှ စည်းမျဉ်းစည်းကမ်း ခိုင်မာ၍ အမှန်တကယ် ညီညွတ်သော ဦးဆောင်ကော်မတီ တစ်ရပ် ဖွဲ့စည်းတင်ပြရမည်၊

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အလိုက် ကိုယ်တိုင်လိုက်နာဆောင်ရွက်မည့် စည်းမျဉ်းစည်းကမ်းများကို အစုအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အညီ တင်ပြရမည်၊

(ဇ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အလိုက် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် လုပ်ကိုင်ခွင့်လျှောက်ထားကြရာတွင် ဆောင်ရွက်မည့် အစီအမံများ တင်ပြရမည်၊

(ဈ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ပိုင် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် လုပ်ကိုင်ခွင့်ရရှိခဲ့ပါက ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအမံများကို တင်ပြရမည်၊

(ည) အစုအဖွဲ့များအကြား လုပ်ပိုင်ခွင့်ရထားသော ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ ပဋိပက္ခဖြစ်ပေါ်လာပါက ငါးလုပ်ငန်းဦးစီးဌာနမှ အဆိုပါ ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် လုပ်ပိုင်ခွင့်အား ပြန်လည်သိမ်းယူခြင်းကို သဘောတူကြောင်း အစုအဖွဲ့အားလုံး၏ ခံဝန်ပါရှိရမည်။

၂၄။ ခရိုင်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေး မြို့နယ်ကော်မတီ၏ တင်ပြလာမှုအပေါ် စိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်ကို တိုင်းဒေသကြီး ဦးစီးဌာနမှူးထံမှ အတည်ပြု၍ မြို့နယ်ဦးစီးဌာနမှူးမှ ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းခွင့် မှတ်ပုံတင်ပုံစံ(၉)ဖြင့် မှတ်ပုံတင်ပေးရမည်။

၂၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင် ရွက်မှုများကို ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီက ကြီးကြပ်စစ်ဆေးရမည်။

၂၆။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်းအငြင်းပွားမှု ပေါ်ပေါက်လာပါက ကော်မတီကတာဝန်ယူ ဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုပေါ်ပေါက်လာပါက ခရိုင်ဦးစီး ဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး မြို့နယ်ကော်မတီနှင့်အတူ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည်။

## အခန်း (၆)
## တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်းကွက် များကို ခရိုင်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချ ရမည်၊

(ခ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချရာတွင် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါ လိုင်စင်ချထားခြင်း အဖွဲ့များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်

ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

တင်ဒါငါးဖမ်းကွက်များအိတ်ဖွင့်တင်ဒါလိုင်စင်ချထားရေးအဖွဲ့

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးဌာနမှူး<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးမှ<br>တာဝန်ပေးအပ်သူ အရာရှိ(၁)ဦး | အဖွဲ့ဝင် |
| (၇) | သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းသော တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့် တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(၁၁) တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါလိုင်စင်ချထားရာတွင် စနစ်တကျ ဖြစ်စေရေးနှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွား

စေရေးအတွက် အိတ်ဖွင့်တင်ဒါလိုင်စင်ချထားခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို (၁)နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူး တို့မှတစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက် ရယူရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀) ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၁၀)ဖြင့် မြို့နယ်အတွင်းကြေညာရမည်၊

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်သတ်မှတ်လိုပါက တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ၊ မရှိ တင်ဒါကြော်ငြာသည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀) ကြိုတင်ကြေညာရမည်၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်များအပေါ်စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့မှ တစ်ဆင့် ဝန်ကြီးထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(င) နည်းဥပဒေခွဲ(ဃ)အရ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီရက်ပေါင်း(၃၀) ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၁၀)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၉။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၁၁) လက်ခံရရှိသည့်အခါ နည်းဥပဒေ ၈ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ဖော်ပြပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် အကျိုးကြောင်း ဖော်ပြ၍ အမှုတွဲတွင် ရေးသွင်းပြီး ဆက်လက်တင်ပြရမည်၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြရမည်။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၃၀ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၁၂) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ (၁၂) ထုတ်ပေးခြင်း မပြုရန် မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၁၂)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး (၁)ရက်ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၉။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၁၁) လက်ခံရရှိသည့်အခါ နည်းဥပဒေ ၈ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ဖော်ပြပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် အကျိုးကြောင်း ဖော်ပြ၍ အမှတ်တွဲတွင် ရေးသွင်းပြီး ဆက်လက်တင်ပြရမည်၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြရမည်။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၃၀ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၁၂) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ (၁၂) ထုတ်ပေးခြင်း မပြုရန် မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး (၁)ရက်ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့ တင်သွင်းသည့် တင်ဒါဈေးနှုန်း၊ ငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့တွင် မျက်နှာစုံညီစစ်ဆေးခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(ဃ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးမှူးထံ တင်ပြခြင်း၊

(င) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသည့် ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပွင့်လင်းမြင်သာစေရန် ပြသခြင်း၊

(စ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက အမြင့်ဆုံးဈေးနှုန်း ပေးထားသူအား ကြမ်းခင်းဈေးပြည့်မီရန်အတွက် ဈေးနှုန်းတိုးမြှင့်တောင်းခံ တင်သွင်းစေခြင်း၊

(ဆ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်း အများဆုံး ပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ဇ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တင်ဒါကြေးများကို ပေးသွင်းရာတွင် တင်ဒါချက်အတွက် ပေးသွင်းရန် လိုအပ်သော ငါးဖမ်းကိရိယာလိုင်စင်ခွန်အပါအဝင် ဌာနက

သတ်မှတ်ထားသော အခြားအခွန်အခများကို တစ်ပါတည်း ပေးသွင်းစေခြင်း၊

(ည) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့နေ့ချင်း ပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လိုအပ်လျှင် တင်ဒါကြေးကို သေတ္တာ ထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါလိုင်စင် ချ ထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ ဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံး ဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဌ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း ၃ ကြိမ်ထိထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဍ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါ လိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင် ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(ဎ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါ ဈေးနှုန်းလျော့နည်းနေကြောင်းရေးသွင်း၍ တင်ဒါလိုင်စင် ချထား ရေး အဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၇။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါ လိုင်စင်ချထားခြင်းလုပ်ငန်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း

ပြီးစီးကြောင်း တင်ပြစာပုံစံ(၁၄)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) အတည်ပြုချက်ရရှိပါက (၇)ရက်အတွင်း တင်ဒါလိုင်စင်ပုံစံ(၁၅)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၈။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၃ကြိမ်ထိ တင်ဒါရောင်းချသော်လည်း သတ်မှတ်တင်ဒါ ကြမ်းခင်းဈေးမမီပါက လွန်ခဲ့သော (၅)နှစ်က ဈေးနှုန်းများ၊ မြေပြင်တွင် ဖြစ်ပေါ်နေသော တင်ဒါချက်အခြေအနေများအပေါ်ကွင်းဆင်းလေ့လာစိစစ်သုံးသပ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူကာ ပြင်ဆင်သည့် ကြမ်းခင်းဈေးဖြင့် တင်ဒါလိုင်စင်ချထားရမည်၊

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

## အခန်း (၇)

## ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဝါခေါင်လဆန်း(၁)ရက်နေ့ မတိုင်မီ ကြော်ငြာစာထုတ်ရမည်။

၄၀။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင်ရရှိရန် နည်းဥပဒေ ၄၉ အရ သတ်မှတ်သည့်ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာပုံစံ(၁၆)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများစာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူများစာရင်း ပုံစံ(၁၇)ဖြင့် ပြုစုရမည်၊

(ခ) ပုံစံ(၁၇)စာရင်းတွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင် လိုသူများပါဝင်ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား၊ အတိုင်းအတာ မှန်၊ မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်း မရှိဘဲ လုပ်ကိုင်နေသူများ ရှိ၊ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ(၁၇)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာ လိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာ လိုင်စင် ပုံစံ(၁၈)ကို ထုတ်ပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ၏ အမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း ပုံစံ(၁၉)ဖြင့် လစဉ်ပြုစု၍ သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနများသို့ တင်ပြရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်၊

(၂) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့်အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ် နှုန်းထား အတိုင်း ကောက်ခံရမည်၊

(၃) ငါးဖမ်းကိရိယာတစ်ခုသည် ဌာန၏ခွင့်ပြုချက်ဖြင့် နည်းမျိုးစုံ ပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံး ပေးဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသောငါးဖမ်းကိရိယာ လိုင်စင်ခများကို နေ့ချင်းပြီး မပေးသွင်းနိုင်ပါက အနီးဆုံးဘဏ်ဖွင့်ရက်တွင် သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၄။ ဦးစီးဌာနသည် ၅၀ိ/-၊ ၁၀၀ိ/-၊ ၂၀၀ိ/-၊ ၅၀၀ိ/-၊ ၁၀၀၀ိ/- စသည့် သတ်မှတ်ထားသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၈) ကို အသုံးပြုရမည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ ၄၃(က)အရ လိုင်စင်ပုံစံတစ်ခု၏ တန်းဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီအောင်လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်၊

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန် မလိုဘဲ ပူးတွဲပာ လိုင်စင်တန်ဖိုးကို ဖေါ်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

၄၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူ တစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၄၇။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင် ပုံစံ(၂၀)ဖြင့် စနစ်တကျထိန်းသိမ်းထားရမည်၊

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၂၁)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖေါ်ပြပြီး ထိန်းသိမ်းထားရမည်။

၄၈။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း ပုံစံ(၂၂)ကိုပြုစု၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသို့ လစဉ်တင်ပြရမည်။

၄၉။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ယခင်လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့် လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်၊

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်၊

(ဂ) လိုင်စင်ခများဘဏ်သို့ ပေးသွင်းခြင်း ရှိ၊ မရှိ၊ တိုင်းဒေသကြီး ဦးစီး ဌာနမှူးရုံးရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထား သည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုး သင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ ပေးသွင်းပြီးသည့်ငွေကိုလည်း ကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံးနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

## အခန်း (၈)

## မိတ္တူလျှောက်ထားခြင်း

၅၀။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထား လျှင်-

(က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် လျှောက်လွှာကို လက်ခံ၍ စိစစ်ပြီး မှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၅၀၀၀ိ/-

(ငါးထောင်ကျပ်)ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ ၃၀၀၀/- (သုံးထောင်ကျပ်)ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၁၀၀၀/-(တစ်ထောင်ကျပ်)ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကိုထုတ်ပေးရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်မိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းကိုပြန်လည်တွေ့ရှိလျှင် မိတ္တူကို သက်ဆိုင်ရာဦးစီးမှူးထံ ပြန်လည်အပ်နှံရမည်။

## အခန်း (၉)

## ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၁။ ဝန်ကြီးသည် နည်းဥပဒေ ၁၆ နည်းဥပဒေခွဲ (ဃ)နှင့် နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ(ခ)အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တင်ပြလာသည့်ကိစ္စအား စိစစ်ပြီး ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ပြုလုပ်နိုင်သည်။

၅၂။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၆၂ အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) မည်သည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်းဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်

ရရှိသူ၏ တာဝန်ဖြင့် ရေချိုငါးဖမ်းကွက်အား ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ လိုင်စင်ကိုမဆို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြင့် အရေးယူဆောင်ရွက်သည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ထပ်မံအငှားချထားနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၅၃။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် ဥပဒေ ပုဒ်မ -၁၈ အရ ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ တိုင်းဒေသကြီး၏ အကျိုးငှာလိုအပ်သော ငါးလုပ်ငန်းများကို အောက်ပါအတိုင်းသတ်မှတ်ပေးနိုင်သည် -

(က) အင်းခွန်ကင်းလွတ်ခွင့်ပြုသော သုတေသနလုပ်ငန်း

(ခ) တိုင်းဒေသကြီးအကျိုးငှာအင်းခွန်ကင်းလွတ်ခွင့်ပြုသောငါးလုပ်ငန်းအမျိုးအစား

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်း

၅၄။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၅။ ဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးလုပ်ငန်းသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နှင့် အင်းငါးထုတ်လုပ်မှု တိုးတက်စေရန်တို့အတွက် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ အင်းဂရန်များမှ ရရှိအခွန်ငွေ၏ သင့်လျော်သော ရာခိုင်နှုန်းကို ငါးသားပေါက်နှင့် ဒေသတွင်း တိုင်းရင်းမျိုးငါးများဝယ်ယူရန် သတ်မှတ်ခွင့်ပြုနိုင်သည်။

## အခန်း (၁၀)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ-၁၉ အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ ငါဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ လိုင်စင်ပါစည်းကမ်းချက်များအား သတ်မှတ်ထုတ်ပြန်ပေးရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရန်အတွက် ဝန်ကြီးထံတင်ပြဆောင်ရွက်ရမည်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်၊

(င) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၃၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၃၅ အရ

အရေးယူသည့်ကိစ္စတွင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေ ခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်ဆိုင်ရာ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင်ချမှတ်သည့် အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီးမပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) တရားရုံးသို့ တရားစွဲဆိုသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ဆိမ်းဆည်းရမိသော သက်သေခံပစ္စည်းများအား မည်ကဲ့သို့ စီမံထားသည်ကို စာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့် ခရိုင်/မြို့နယ်ဦးစီးမှူးအား တင်ပြစေခြင်း၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ခရိုင်ဦးစီးမှူးဦးဆောင်သော လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်းပြီး အတည်ပြု သတ်မှတ်ထားသည့်ကြမ်းခင်းဈေးနှုန်းဖြင့် လေလံတင်ရောင်းချ

စေခြင်း၊ မီးရှို့ဖျက်ဆီးစေခြင်း၊

(ဂ) လေလံတင်ရောင်းရငွေကို ဘဏ္ဍာသို့ ပေးသွင်းစေခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ အရ အရေးယူသည့်ကိစ္စတွင် သတ်မှတ်ဒဏ်ကြေးငွေအား ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၆၂။ တိုင်ဒေသကြီးဦးစီးဌာနမှူးသည် ရောင်းချ၍မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန်၊ လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန်အတွက် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြုလုပ်နိုင်သည် -

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန်ကျန်ရှိသည့် ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ဈေးနှုန်း၊ ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဦးစီးဌာန၏ ဘဏ္ဍာငွေအရ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) သဘာဝရေပြင်သို့ ငါးသယံဇာတ တိုးပွားရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း၊

(ခ) ရေနေသယံဇာတထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ပညာပေးကြော်ငြာပိုစတာများ ပြုလုပ်ခြင်း၊

(ဂ) သားငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သုတေသန ဆောင်ရွက်ခြင်း၊

(ဃ) ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊

(င) ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးလုပ်ငန်းသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နှင့် အင်းငါးထုတ်လုပ်မှုတိုးတက်စေရန်တို့အတွက် အင်းဂရန်များမှရရှိအခွန်ငွေ၏ သင့်လျော်သော ရာခိုင်နှုန်းကို ငါးသားပေါက်နှင့် ဒေသတွင်း တိုင်းရင်းမျိုးငါးများ ဝယ်ယူရန် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၂၇ အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါအချက်များကြောင့် (၅)နှစ်ဆက်တိုက် တင်ဒါ ရောင်းချ၍ မရသော တင်ဒါချက်များကို တင်ဒါချက်စာရင်းမှ ပယ်ဖျက်၍ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် သို့မဟုတ် ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်နိုင်သည် -

(က) တင်ဒါချက်နေရာ ပျက်စီးခြင်း၊

(ခ) ရေစီးရေလာပြောင်းလဲမှုကြောင့် ငါးအထိအမိနည်းပါးခြင်း၊

(ဂ) ပတ်ဝန်းကျင်လယ်သမားများ၊ ရေလုပ်သားများနှင့် ပြဿနာ ဖြစ်ပွားခြင်း၊

(ဃ) (၅)နှစ်ဆက်တိုက် ဆွဲဝယ်လုပ်ကိုင်သူမရှိခြင်း။

၆၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သက်ဆိုင်ရာ မြို့နယ်/ ခရိုင်ဦးစီးဌာနမှူးကိုက ဥပဒေပုဒ်မ ၁၉ အရ ရက်တိုးငါးဖမ်းခွင့် တင်ပြမှုအပေါ်စိစစ်၍ ငါးရစ်ငါးသန့်တားမြစ်ကာလ မပတိုင်မီအတွင်း တစ်ကြိမ်လျှင်(၁၅)ရက်ထက်မပိုသော ကာလအတွက် ဂရန်အင်း၏ ငါးဖမ်းဆီးရက်အား တိုးမြှင့်ခွင့်ပြုပေးနိုင်သည်။

## အခန်း (၁၁)
## အငှားဂရန်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၆၇။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဂရန်အင်းငါးဖမ်းခွင့်ကုန်ဆုံးသောရက်ဖြစ်သည့် တပေါင်းလပြည့်နေ့အထိ သို့မဟုတ် တန်ခူးလပြည့်နေ့အထိ အင်းလုပ်ငန်းများပြီးဆုံးခြင်းမရှိပါကငါးလုပ်ငန်းဦးစီးဌာနသို့ နိုင်လုံသော အကြောင်းပြချက်ဖြင့် ဂရန်အင်း၏ ငါးဖမ်းဆီးရက်တိုးမြှင့်ပေးရန် တင်ပြလျှောက်ထားခြင်း၊

(ခ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ်တန်းခူးလပြည့်ကျော် (၁)ရက်နေ့မတိုင်မီ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဂ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ -

(၁) ပိုက်ကွက်ကြိုး တစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား (၃/၄)လက်မအောက်လျော့သည့် ပိုက်များကို အသုံးပြုခြင်း၊

(၂) လျှော်ဇစ်တတ်ဖြင့် ငါးဖမ်းဆီးခြင်း၊ အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြား ပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြား ချက်များကို လိုက်နာခြင်း။

၆၈။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန်ရရှိသူ ကွယ်လွန်ခြင်းနှင့် ပြစ်မှုတစ်ခုခုကျူးလွန်၍ ထောင်ဒဏ်ကျခံနေရပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင် မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘော တူညီချက်ရရှိသူက ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ခ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန် အင်းနှစ်ခုအကြား အမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်း များချထားခြင်းကို ငါးလုပ်ငန်းဦးစီးဌာန၏ အထူးခွင့်ပြုချက်မရှိ လျှင် မချရခြင်း၊

(ဂ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ညွှန်ကြားချက်များတွင် သီးခြားပြဋ္ဌာန်း ထားခြင်းမရှိလျှင် ဂရန်အင်းကို လွန်ခဲ့သော (၅)နှစ်ဆက်တိုက် လုပ်ကိုင်ခဲ့သော ဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ဃ) နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

၆၉။ အင်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါအချက်များကြောင့် ငါးဖမ်းဆီးချိန် မလုံလောက်ပါက သက်ဆိုင်ရာမြို့နယ်/ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြလျှောက်ထားနိုင်သည် -

(က) ငါးမျိုးချန်လုပ်ခြင်း၊ ယင်းတား သို့မဟုတ် ပိုက်လှောင်အိမ်ဖြင့် ငါး မွေးမြူထားခြင်း၊

(ခ) အင်းအတွင်းနှင့် အင်းပတ်ဝန်းကျင်တွင် စိုက်ပျိုးနေသော သီးနှံ များ၏ အောင်ရေအတွက် စောင့်ဆိုင်းပေးရခြင်း၊

(ဂ) စိုက်ပျိုးရေးအတွက် ပေးဝေသည့်ဆည်ရေလွှတ်ချိန်နှင့် တိုက်ဆိုင် နေ၍ ငါးဖမ်းဆီးချိန်မလုံလောက်ခြင်း၊

(ဃ) ရာသီဥတုအခြေအနေအရ သဘာဝရေကြီးရေလျှံမှုကြောင့် ငါး ဖမ်းဆီးချိန် မလုံလောက်ခြင်း။

## အခန်း (၁၂)
## တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၇၀။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အခိုင်အမာ အတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက် ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက် မဖြစ်စေရန် ရေ

ကြောင်း လမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသား များဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း၊ ရေကြောင်းလမ်းဖြင့် အချက်ပြထားခြင်း၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၇၁။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ [illegible]ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီး[illegible] စိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ [illegible]ဆက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိ[illegible]ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရှိခြင်း။

## အခန်း (၁၃)
## ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၇၂။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

## အခန်း (၁၄)
## ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၇၃။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် ဥပဒေပုဒ်မ ၄၂ အရ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ သို့မဟုတ် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်-

၇၆။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာများကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၇၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၆ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်၍ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ ဆက်လက် တင်ပြရမည်။

၇၈။ ဝန်ကြီးသည် နည်းဥပဒေ ၇၇ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေကိုထုတ်ပေးရန် ဝန်ကြီး၏ ခွင့်ပြုချက် ရရှိသည့်အခါ သတ်မှတ်ထားသော ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၅)
## ကြွေးကျန်များ ကောက်ခံခြင်း

၈၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့်စပ်လျဉ်း၍ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေပေးသွင်းရန် ပျက်ကွက်မှုရှိပါက အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးငွေတို့ကို သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံ တစ်ရာကို ဥပဒေနှင့်အညီ ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျ စရိတ်များကို နှုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည် ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဥပဒေနှင့်အညီ ထပ်မံဝရမ်းကပ် သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နှုတ်ယူ၍ ပိုငွေကိုပျက်ကွက် သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်း ရမည့်အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ ပစ္စည်းရှိပါက ၎င်းပစ္စည်းကိုရောင်းချ ခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ် ခြင်း။

၈၁။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူထံအကြောင်းကြားရာတွင် အကြောင်း ကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည် -

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့်အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူ တစ်ဦးဦးသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍ မရပါက ပျက်ကွက်သူနေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၈၂။ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ပျက်ကွက်သူ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူ ပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံ ပေးဆောင်ရမည့်အကြောင်း ဖော်ပြချက်။

၈၃။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူအပိုင် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို အိတ်ဖွင့်လေလံ တင်ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး(၁၅)ရက် ကြိုတင်၍ အိတ်ဖွင့်လေလံကြော်ငြာစာဖြင့် ကြော်ငြာရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ အိတ်ဖွင့်လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင် ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်၊

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင်လည်း လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချနိုင်သည်၊

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ ကြွေးကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ၊ လေလံပွဲကို ရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်၊

(င) ပစ္စည်းလေလံရောင်းရငွေမှ ရရန်ရှိသောငွေနှင့် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ္ဍာသို့ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်၊

(စ) ကြွေးကျန်ငွေများ ကောက်ယူရာတွင် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ယူရမည်။

## အခန်း (၁၆)

## ရေချိုငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေနေသယံဇာတထိန်းသိမ်းခြင်း

၈၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၁၉ အရ ရေနေသယံဇာတထိန်းသိမ်းရေး၊ ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ္ဍာငွေအရ၊ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံ၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) နှစ်စဉ်ဆောင်ရွက်ရမည်ဖြစ်သော လုပ်ငန်းများကို ဝန်ကြီးထံတင်ပြဆောင်ရွက်ခြင်း၊

(ခ) သုတေသနလုပ်ငန်းတွင် သုံးစွဲမည့် ငွေကြေးပမာဏကို ဝန်ကြီးက သတ်မှတ်ခွင့်ပြုပေးခြင်း၊

(ဂ) သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များသို့ အကူအညီ တောင်းခံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) သုတေသနလုပ်ငန်းများမှ ရရှိသော မှတ်တမ်းများကို ဝန်ကြီးထံ တင်ပြအစီရင်ခံခြင်းနှင့် စနစ်တကျထိန်းသိမ်းထားရှိခြင်း၊

(င) ရေရှည်တွင် နိုင်ငံတကာရေချိုငါးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်း၊

(စ) အင်း၊ သဘာဝရေပြင်အား ရေနေသယံဇာတထိန်းသိမ်းရန်အလို့ငှာ ကွင်းဆင်းစစ်ဆေး၍ တိုင်းဒေသကြီးအစိုးရထံ ခွင့်ပြုချက်ရယူကာ သုတေသနရေချို ရေပြင် သို့မဟုတ် တားမြစ်ဇရိယာရေပြင်အဖြစ် သတ်မှတ်ခြင်း၊

(ဆ) မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ငါးမျိုးစိတ်များကို စိစစ်ရွေးချယ် သတ်မှတ်ခြင်း၊ ငါးမျိုးသုဉ်း ပျောက်ကွယ်နိုင်သည့် ငါးဖမ်းဇရိယာများအား သတ်မှတ်တားမြစ်ခြင်း။

၈၅။ ရေချိုငါးလုပ်ငန်း ရေပြင်နယ်နိမိတ်အတွင်း ရေနေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် ဥပဒေပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရမည်။

၈၆။ အင်းနယ်နိမိတ်အတွင်း ငါးနေငါးထိုင်တောဖြစ်သော သစ်ပင်ချုံနွယ်များအား အင်းမပျက်စီးစေရန်နှင့် ငါးနေငါးထိုင်ကွင်းများ ကောင်းမွန်စေရန်အတွက် ဥပဒေပုဒ်မ ၂၄(ခ)အရ နှစ်ရှည်ကြေးတိုင်လုပ်ကိုင်ခွင့်ရရှိသော အင်းဂရန်ကိုင်မှ စိုက်ပျိုးထိန်းသိမ်းရမည်။

၈၇။ ရေချိုငါးလုပ်ငန်းရေပြင်ရှိ ရေစီးရေလာလမ်းကြောင်းများတွင် နိုင်ငံတော်က ဆည်၊ ရေထိန်းတမံ၊ ရေတံခါး၊ ရေအားလျှပ်စစ်ထုတ်ယူရန် အတားအဆီးပြုလုပ်ရန်

လိုအပ်ပါက ရေနေသယံဇာတများ ပြုန်းတီးမှုမရှိစေရန်၊ ငါးတက်ငါးဆင်း လမ်းကြောင်းများတွင် နိုင်ငံတော်က ဆည်၊ ရေထိန်းတမံ၊ ရေတံခါး၊ ရေအားလျှပ်စစ် ထုတ်ယူရန် အတားအဆီးပြုလုပ်ရန် လိုအပ်ပါက ရေနေသယံဇာတများ ပြုန်းတီးမှု မရှိစေရန် ငါးတက်ငါးဆင်းလမ်းကြောင်းများ (Fish Passage/ Fish Ladder) ထည့်သွင်းတည်ဆောက်ရန် ဝန်ကြီးထံ တင်ပြရမည်။

## အခန်း (၁၇)
## ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းရောင်းချခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း

၈၈။ ငါးလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ဤဥပဒေအရ အပြစ်ပေးခံရဘူးသူ သို့မဟုတ် အမည်ပျက် စာရင်းသွင်းခံရသူမဟုတ်လျှင် ရေထွက်ပစ္စည်းဝယ်ယူ စုဆောင်း ရောင်းချခွင့်လိုင်စင်နှင့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရမည်။

၈၉။ ငါးလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ဤဥပဒေအရ အပြစ်ပေးခံရဘူးသူ သို့မဟုတ် အမည်ပျက်စာရင်း တင်သွင်းခံရသူမဟုတ်လျှင် သတ်မှတ်ထားသော အခွန်အခ မှတ်ပုံတင်ကြေးပေးသွင်း၍ ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားရမည်။

၉၀။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၈၈ နှင့် ၈၉ တို့အရ လျှောက်ထားသည့်အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်၍ ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၉၁။ မြို့နယ်ဦးစီးဌာနမှူးသည် ရေလုပ်သားမှတ်ပုံတင်ကတ်လျှောက်ထားခြင်း၊ ယုပတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရေလုပ်သား မှတ်ပုံတင်လျှောက်လွှာအား သတ်မှတ်ချက်များနှင့် အညီ စိစစ်လက်ခံခြင်း၊

(ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရေလုပ်သားမှတ်ပုံတင်ကတ် အတွက် သတ်မှတ်နှုန်းထားနှင့်အညီ အခွန်အခများ ပေးသွင်းစေ ခြင်း၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကတ် ပုံစံ(၂၃)ကို ထုတ်ပေးခြင်း၊

(ဃ) ရေလုပ်သား မှတ်ပုံတင်စာရင်းကို လစဉ်ပြုစုရေးဆွဲထားရှိပြီး လချုပ်များကို ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း။

## အခန်း (၁၈)

## အထွေထွေ

၉၂။ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းသူများသည် စီးပွားရေးအလို့ငှာ ရေထွက် ပစ္စည်းများကို နယ်ကျော်သယ်ယူလိုပါက သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တရား ဝင် သယ်ဆောင်ခွင့် မှျောစာပုံစံ(၂၄)ရရှိပြီးမှသာ သယ်ဆောင်ရမည်။

၉၃။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သက်သေများရှေ့မှောက်တွင် ရှာဖွေဖမ်းဆီးသည့်ပုံစံ(၂၅)ဖြင့် သိမ်းဆည်းရမည်။

၉၄။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်း၏ နယ်မြေအတွင်းကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက် ရယူရမည်၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၉၅။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြုစုရေးဆွဲထားရှိရမည်။

၉၆။ ဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီ ကုန်ဆုံးသည့်အခါ အောက်ပါ အချက်များပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးထံ တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(င) ဂရန်အင်းနယ်နိမိတ်များသတ်မှတ်ဖော်ထုတ်မှု အခြေအနေ။

၉၇။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူများအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာပေးစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသန စာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါ အားလျော်စွာ ဆောင်ရွက်ရမည်။

၉၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဥပဒေပုဒ်မ ၆၂ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(ခ)အရ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့် နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး မြို့နယ်ဦးစီးဌာနမှူးထံ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုထားသည့် နေရာဒေသမှ (၁၅)ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူရမည်။

(ဂ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက တင်ဒါလိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်ချိတ်ပိတ်တင်ဒါချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုမှန်သမျှကို ပေးလျော်ရန် တာဝန်ရှိခြင်း။

၉၉။ ဦးစီးဌာနသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာဖော်ပြရမည်၊

(ခ) အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအပိုင်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာနနှင့်ညှိနှိုင်း၍နယ်နိမိတ်ကိုသတ်မှတ်ဖော်ပြရမည်၊

(ဂ) နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်း မရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် ဓလေ့ ထုံးစံနယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၁၀၀။ တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာအမျိုးအစားများကို ပူးတွဲ(က)ဖြင့် သတ်မှတ်ရမည်။

၁၀၁။ အင်းနယ်နိမိတ်များကို တိုင်းတာရာတွင် သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လက်မှတ်ရကျွမ်းကျင်သူများနှင့် ဆောင်ရွက်ရန် လိုအပ်သောကုန်ကျစရိတ်များကို ကျခံရန် ဝန်ကြီးသည်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူ၍ ဆောင်ရွက်နိုင်သည်။

၁၀၂။ အင်းနယ်နိမိတ်အတွင်း ရေစီးရေလာပြောင်းလဲမှုကြောင့် ငါးဖမ်းကိရိယာ၊ အင်းစည်းကမ်း၊ အင်းနယ်နိမိတ်တို့ကိုလည်း လိုအပ်ပါက ခေတ်အခြေအနေနှင့်အညီ ပြုပြင်ပြောင်းလဲသတ်မှတ်ပေးရမည်။

၁၀၃။ သုတေသနလုပ်ငန်းပြုလုပ်ရန်အလို့ငှာ ဂရန်အင်းအား ဝန်ကြီး၏ ခွင့်ပြုချက်ရယူ၍ နှစ်ကာလ အပိုင်းအခြားသတ်မှတ်ကာ သုတေသနအင်းအဖြစ် ဆောင်ရွက်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်စန်း

ဝန်ကြီး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ထားဝယ်မြို့

ပုံစံ (၁)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့

## အင်းလေလံကြော်ငြာ

[ နည်းဥပဒေများအပိုဒ်– ၆ (ဂ) ]

စာအမှတ်၊__________

ရက်စွဲ ၊__________

အများသိစေရန် ကြော်ငြာလိုက်သည်။

__________ မြို့နယ်အတွင်းသို့ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ - ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် လုပ်ငန်းအား ထင်သာမြင်သာဖြစ်စေရေး သက်ဆိုင်ရာ မြို့နယ်အတွင်းမှ ဒေသခံများသာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်းမှ ဒေသခံမည်သူမဆို လေလံဆွဲဝယ်ယူလိုပါက __________ မြို့နယ်အတွင်းရှိ ဂရန်အင်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း လေလံစည်းကမ်းချက်များနှင့်အညီ ရောင်းချသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည် -

အစီအစဉ်

နေ့ရက် -

အချိန် -

နေရာ -

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့

ဖြန့်ဝေခြင်း

__________

__________

မိတ္တူကို -

__________

__________

ပုံစံ (၂)

# ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

( နည်းဥပဒေများအပိုဒ် – ၇ )

သို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
________________ မြို့။

ရက်စွဲ၊

အကြောင်းအရာ ။ <u>ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း။</u>

ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ____________ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့် အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး
____________ ရပ်ကွက်/ ကျေးရွာအုပ်စု၊
__________ မြို့နယ်

ရက်စွဲ ၊

ပုံစံ (၃)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

____________ မြို့

## ဂရန်အင်းလေလံဝယ်ခွင့်လက်မှတ်

[ နည်းဥပဒေများအပိုဒ် ၁၀ ]

အမှတ်စဉ် - /

၁။ လေလံဆွဲဝယ်ဆွဲရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

____________ မြို့နယ်

ရက်စွဲ၊

ပုံစံ (၄)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

______________ မြို့

## ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

[ နည်းဥပဒေများအပိုဒ် ၁၄ (က) ]

______________ခုနှစ်

လေလံတင်ရောင်းချမည့် အင်းအမည် -

ဂရန်အင်း၏ တည်ရှိနေရာ -

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -

လေလံတင်ရောင်းချသည့်နေရာ -

**ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်**

| နှစ် | အငှားဂရန်ရရှိသူ | အခွန်ငွေ |
|---|---|---|

**ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး လေလံဆွဲဝယ်ကြသူများ**

| စဉ် | လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/<br>နိုင်ငံသားကတ်အမှတ် | ပေးသွင်းသည့်အင်းခွန်ငွေ<br>(ဂဏန်းဖြင့်) | <br>(စာဖြင့်) |
|---|---|---|---|

ယခုသတ်မှတ်သည့်အင်းခွန် -

အငှားဂရန်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

လက်မှတ်၊

ပုံစံ (၅)

# ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[ နည်းဥပဒေများအပိုဒ် ၁၅ (က) ]

__________ ခုနှစ်

တနင်္သာရီတိုင်းဒေသကြီး

__________ ခရိုင်၊ __________ မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင် ပါဝင်သူများ ၊

| စဉ် | ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ | (၅)နှစ်ပျမ်းမျှဈေး | ယခင်နှစ်ဈေး | ယခုနှစ်လေလံဈေး | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

အဖွဲ့ဝင်　　　　ဥက္ကဋ္ဌ　　　　အတွင်းရေးမှူး

ရက်စွဲ ၊

ပုံစံ (၆)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

____________ ခရိုင်၊ ____________ မြို့

## အငှားဂရန်

[ နည်းဥပဒေများအပိုဒ် ၁၅ (ခ) ]

ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ____________ ရက်စွဲပါ စာအမှတ်၊ ________________________ ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါစည်းကမ်းချက်များ နှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အင်းအမည်နှင့် မြို့နယ် ၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ၊

၇။ အင်းခွန် __________ ကို __________ မြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ (          )ရက်စွဲပါ ချလံအမှတ်(       )အရ ငွေပြေပေးသွင်းပြီး ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
__________ မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၇)

# ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းပုံတင်ခွင့်လျှောက်လွှာ

[ နည်းဥပဒေများအပိုဒ် ၂၃ ]

သို့

ဥက္ကဋ္ဌ
ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ
__________ မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုပါရန်တင်ပြခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ __________ မြို့နယ်၊ __________ ကျေးရွာအုပ်စု၊ __________ ကျေးရွာ၌ ဒေသခံရေလုပ်သားများစုဖွဲ့၍ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လိုပါသဖြင့် __________ ဦးဆောင်သော ပူးတွဲဖော်ပြပါ အဖွဲ့ဝင် (     )ဦးဖြင့် ဖွဲ့စည်းခွင့်ပြုပါရန်နှင့် အဆိုပါအစုအဖွဲ့အား အတည်ပြုချက်ရရှိပါက မှတ်ပုံတင်ခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်

__________ ကျေးရွာ

__________ ကျေးရွာအုပ်စု

__________ မြို့နယ်

မိတ္တူ

လက်ခံ။

ပုံစံ (၈)

## ——————မြို့နယ်ရှိ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့မှ အင်း/တင်ဒါလုပ်ကိုင်ခွင့်လျှောက်ထားသည့် အပေါ် စစ်ဆေးတွေ့ရှိချက်

[ နည်းဥပဒေများအပိုဒ် ၂၃ ]

| စဉ် | အစုအဖွဲ့အမည် | ကော်မတီဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင်ဦးရေ | လျှောက်ထားသည့် အင်း/ တင်ဒါချက်အမည် | တည်ရှိရာဒေသ | အိမ်ထောင်စု | | ပုံစံ(၇) | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ပါ | မပါ | ပါ | မပါ | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

——————မြို့နယ်ရှိ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ အင်း/တင်ဒါ လုပ်ကိုင်ခွင့်လျှောက်ထားသည့်အပေါ် စစ်ဆေးတွေ့ရှိချက်

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————

| | | | | | | |
|---|---|---|---|---|---|---|
| အဖွဲ့ဝင်<br>စိုက်ပျိုးရေး | အဖွဲ့ဝင်<br>မွေး/ကု | အဖွဲ့ဝင်<br>ကျေးလက် | ဥက္ကဋ္ဌ<br>ထွေ/အုပ် | အဖွဲ့ဝင်<br>လယ်/စီ/အင်း | အဖွဲ့ဝင်<br>ဆည်မြောင်း | အတွင်းရေးမှူး<br>ငါးလုပ်ငန်း |

ပုံစံ (၉)

# ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်မှတ်ပုံတင်ပုံစံ

[ နည်းဥပဒေများအပိုဒ် ၂၄ ]

| စဉ် | အစုအဖွဲ့အမည် | (၅)ဦး သို့မဟုတ် (၇)ဦး ဦးဆောင် ကော်မတီစာရင်း | | | အဖွဲ့ဝင်များစာရင်း | | | မှတ်ပုံတင်သည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | အမည် | အဘအမည် | နိုင်ငံသားကတ်အမှတ် | အမည် | အဘအမည် | နိုင်ငံသားကတ်အမှတ် | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

မြို့နယ်ဦးစီးဌာနမှူး

ငါးလုပ်ငန်းဦးစီးဌာန

______________ မြို့

ပုံစံ (၁၀)

နိုင်ငံတော်ပြည်သူ့ရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

____________ မြို့

## အိတ်ဖွင့်တင်ဒါကြော်ငြာ

[ နည်းဥပဒေများအပိုဒ်- ၂၈ (ခ) ]

စာအမှတ်၊ ____________

ရက်စွဲ ၊ ____________

အများသိစေရန် ကြော်ငြာလိုက်သည်။

______ မြို့နယ်အတွင်းသို့ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ - ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် လုပ်ငန်းအား သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသဖြင့် မည်သူမဆိုတင်ဒါဝယ်ယူလိုပါက __________ မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း တင်ဒါစည်းကမ်းချက်နှင့်အညီ ကြော်ငြာလိုက်သည် -

<u>အစီအစဉ်</u>

နေ့ရက် -

အချိန် -

နေရာ -

မြို့နယ်ဦးစီးဌာနမှူး

ငါးလုပ်ငန်းဦးစီးဌာန

________ မြို့

<u>ဖြန့်ဝေခြင်း</u>

________________

________________

မိတ္တူကို -

________________

________________

ပုံစံ (၁၁)

# တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

( နည်းဥပဒေများအပိုဒ် - ၂၉ )

သို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
______________ မြို့။

ရက်စွဲ၊

အကြောင်းအရာ ။ <u>တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း။</u>

ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ______________ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့် အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး
______________ ရပ်ကွက်/ ကျေးရွာအုပ်စု၊
______________ မြို့နယ်

ရက်စွဲ၊

ပုံစံ (၁၂)

နိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

—————— မြို့

# တင်ဒါဝယ်ခွင့်လက်မှတ်

[ နည်းဥပဒေများအပိုဒ် ၃၁ (က) ]

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ အဘအမည် ၊

၄။ နေရပ် ၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည် ၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူကပေးမည့် တင်ဒါကြေး (ဂဏန်းဖြင့်)
(စာဖြင့်)

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်းမပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ ၊

ပုံစံ (၁၃)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

—————— မြို့

[ နည်းဥပဒေများအပိုဒ် ၃၆ (က) ]

## တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှတ်တွဲအမှတ်စဉ်၊

——————ခုနှစ်

တင်ဒါငါးဖမ်းကွက်အမည် -
တင်ဒါငါးဖမ်းကွက်တည်နေရာ -
တင်ဒါချထားသည့်နေ့ -

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် အင်းခွန်

| နှစ် | တင်ဒါလိုင်စင်ရရှိသူ | တင်ဒါကြေး |
|---|---|---|

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီးတင်ဒါသွင်းကြသူများ

| စဉ် | တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်/ နိုင်ငံသားကတ်အမှတ် | တင်ဒါကြေး (ဂဏန်းဖြင့်) | (စာဖြင့်) |
|---|---|---|---|

ယခုသတ်မှတ်သည့်တင်ဒါကြေး-
တင်ဒါလိုင်စင်ရရှိသူအမည် -
မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

လက်စွဲ ၊

ပုံစံ (၁၄)

တနင်္သာရီတိုင်းဒေသကြီး

__________ ခရိုင်၊ __________ မြို့နယ်

# တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

[ နည်းဥပဒေများအပိုဒ် ၃၇ (က) ]

တင်ဒါချထားသည့်နေ့၊

တင်ဒါချထားသည့်နေရာ၊

တင်ဒါချထားရေးအဖွဲ့တွင် ပါဝင်သူများ။

| စဉ် | တင်ဒါငါးဖမ်းကွက်<br>အမည်နှင့်ဆွဲဝယ်သူ | (၅)နှစ်ပျမ်းမျှဈေး | ယခင်နှစ်ဈေး | ယခုနှစ်တင်ဒါဈေး | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ ၊

ပုံစံ (၁၅)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

## တင်ဒါလိုင်စင်

**[ နည်းဥပဒေများအပိုဒ် ၃၇ (ခ) ]**

လိုင်စင်အမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ______________ ရက်စွဲပါစာအမှတ်၊ ____________________ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်း ဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်နှင့် မြို့နယ် ၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊

တင်ဒါကြေးနှင့် လိုင်စင်ခ ____________ ကို ________________ ရက်စွဲပါ ချလံအမှတ် ( ) ဖြင့် ____________ ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

**ခရိုင်ဦးစီးဌာနမှူး**

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့

နံပါတ်/ဆိပ်

နေ့စွဲ၊

ပုံစံ (၁၆)

# ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

[ နည်းဥပဒေများအပိုဒ် ၄၀ ]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

________________ မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့် ငါးဖမ်းကိရိယာများ၊

| ငါးဖမ်းကိရိယာအမည် | | အတိုင်းအတာ | အရေအတွက် |
|---|---|---|---|
| | (က) | အလျား | |
| | (ခ) | အနံ | |
| | (ဂ) | စောက် | |
| | (ဃ) | ထိပ်ဝ | |
| | (င) | အခြား | |

၈။ လုပ်ကိုင်လိုသည့် ခုနှစ်၊

လျှောက်ထားသူလက်မှတ်

ပုံစံ (၁၇)

# ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူများစာရင်း

[ နည်းဥပဒေများအပိုဒ် ၄၁ (က) ]

―――――― ခရိုင်၊ ―――――― မြို့နယ်

| စဉ် | လိုင်စင်ရရှိသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | ရုံးသုံးအမည် | ငါးဖမ်းကိရိယာ | | | | | လုပ်ကိုင်သည့်နေရာ | လိုင်စင်ခ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | စာယားပါ အမှတ်စဉ် | ဒေသအခေါ် | ခွင့်ပြုသည့် အများဆုံးအတိုင်းအတာ | | | | | |
| | | | | | | အလျား | အနံ | စောက် | | | |
| | | | | | | | | | | | |

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၈)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

## ငါးဖမ်းကိရိယာလိုင်စင်

[ နည်းဥပဒေများအပိုဒ် ၄၂ (က) ]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်)

မြို့နယ် - ခုနှစ် အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာအုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လေ့တစ်စင်းအတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင်သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး


ပုံစံ (၁၈)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[ နည်းဥပဒေများအပိုဒ် ၄၂ (က) ]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်)

မြို့နယ် - ခုနှစ် အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာရုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လေ့တစ်စင်းအတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင်သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၉)

# ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[ နည်းဥပဒေများအပိုဒ် ၄၁ (ခ) ]

__________ ခရိုင်၊ __________ မြို့နယ်

| စဉ် | လိုင်စင်ရရှိသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | လိုင်စင်အမှတ်စဉ် | ငါးဖမ်းကိရိယာအမျိုးအစား | ငါးဖမ်းကိရိယာအတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရွက်ရေ |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

ပုံစံ (၂၀)

# ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

[ နည်းဥပဒေများအပိုဒ် ၄၇ (က) ]

_______________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး -

| စဉ် | လက်ခံရရှိသည့် ရက်စွဲ | ရွက်ရေ | တန်ဖိုး | အသုံးပြုသည့် | | | လက်ကျန် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | ရက်စွဲ | ရွက်ရေ | တန်ဖိုး | ရွက်ရေ | တန်ဖိုး | |
| | | | | | | | | | |

ပုံစံ (၂၁)

# ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုအသုံးမှတ်ပုံတင်

[ နည်းဥပဒေများအပိုဒ် ၄၇ (ခ) ]

________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

| စဉ် | လိုင်စင်ရရှိသူအမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | လိုင်စင်အမှတ်စဉ် | လိုင်စင်ထုတ်ပေးသည့်ရက်စွဲ | ငါးဖမ်းကိရိယာအမျိုးအစား | ငါးဖမ်းကိရိယာအတိုင်းအတာ | ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား | ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရှက်ရေ | လိုင်စင်ခရရှိသည့်ရက်စွဲ | ဘဏ်သို့ပေးသွင်းသည့်နေ့ရက်နှင့်ချလံအမှတ် | ငါးဖမ်းခွင့်ပြုသည့်ဒေသ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |

ပုံစံ (၂၂)

## ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း

[ နည်းဥပဒေများအပိုဒ် ၄၈ ]

__________ ခုနှစ်၊ __________ လ

__________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး -

| စဉ် | လက်ခံရရှိသည့်နေ့ | ရက်ရေ | တန်ဖိုး | စဉ် | ယခင်လ လက်ကျန် | ယခုလ အသုံးပြုသည့်နေ့ | လိုင်စင်ရရှိသူအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ | ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးသည့် လိုင်စင်ပုံစံ တန်ဖိုးနှင့်ရွက်ရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၃)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

________________ မြို့

[ နည်းဥပဒေများအပိုဒ် ၅၁ (ဂ) ]

## ရေလုပ်သားမှတ်ပုံတင်ကတ်

အမှတ်စဉ် (   / ၂၀    )

အမည် ____________________

အဘအမည် ____________________

နိုင်ငံသားစိစစ်ရေးအမှတ် ____________________

မွေးသက္ကရာဇ် ____________________

ထင်ရှားသည့်အမှတ်အသား ____________________

နေရပ်လိပ်စာ ____________________

လုပ်ငန်းအမျိုးအစား ____________________

မြို့နယ်ဦးစီးဌာနမှူး

ထုတ်ပေးသည့် ရက်စွဲ

ပုံစံ (၂၄)

AMD(01)

## ငါးလုပ်ငန်းဦးစီးဌာန

### ရေထွက်ပစ္စည်းသယ်ယူသည့်အထောက်အထား

### (Product Movement Document)

| ၁(က)။ | ရေချိုငါးလုပ်ငန်း | ရေငန်ငါးလုပ်ငန်း | ငါးမွေးမြူရေးလုပ်ငန်း | ၁(ခ) | ကုန်ကြမ်း | ပြုပြင်ရေး | အချော |
|---|---|---|---|---|---|---|---|
| ၂။ စာအမှတ် | | | | ၃။ ထုတ်ပေးသည့်ရက်စွဲ | | | |
| ၄။ သယ်ယူသူအမည်<br>မှတ်ပုံတင်အမှတ် | | | | ၅။ လက်မှတ် | | | |
| ၆။ နေရပ်လိပ်စာ | | | | | | | |

| | | | | |
|---|---|---|---|---|
| ၇။ သယ်ယူမည့်ယာဉ်အမျိုးအစား | | | ၈။ ယာဉ်နံပါတ် | |
| ၉။ သယ်ယူမည့်နေရာ/ဒေသ/လမ်းကြောင်း | မှ | | သို့ | |
| ၁၀။ သယ်ယူမည့်ရက်စွဲ | မှ | | ထိ | |

| | | |
|---|---|---|
| ၁၁(က)။ သယ်ယူမည့်ငါး/ပုစွန် အမျိုးအစား/ပုံစံ | ၁၁(ခ)။ သိပ္ပံအမည် | ၁၂။ အလေးချိန်(ပိဿာ/ကီလို/တန်) |
| ၁၃။ ငါး/ပုစွန်ထွက်ရှိ/ဖမ်းဆီးရာအရပ်<br>အဝယ်ဒိုင်/ဘုံ/အင်း/ပင်လယ်/ငါးမွေးကန်) | | ၁၄။ ဖမ်းဆီးဝယ်ယူခဲ့သည့်နေ့စွဲ |
| ၁၅။ ငါးဖမ်းလှေယာဉ်အမည်<br>(ရေငန်ငါးဖမ်းလုပ်ငန်းအတွက်)<br>(လိုအပ်ပါက နောက်ဆက်တွဲ ၁၂ ဖြင့်ပြရန်) | | |

| | | |
|---|---|---|
| ၁၆။ ရောင်းချသူအမည်<br>အလုပ်အကိုင်/<br>နေရပ်လိပ်စာ | | လက်မှတ် |
| ၁၇။ ဝယ်ယူသူ/ကုန်ပိုင်ရှင်/<br>ကုမ္ပဏီအမည်/နေရပ်လိပ်စာ<br>(ပြေစာပူးတွဲတင်ပြရန်) | | လက်မှတ် |

| | |
|---|---|
| ၁၈။ ဝန်ခံချက် - အထက်တွင် ဖော်ပြထားသောအချက်များ မှန်ကန်မှုရှိကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးသည့်အခါ ဤအထောက်အထားတွင်ပါရှိသည့် ကုန်အမျိုးအစားနှင့် ကုန်ချိန်မှန်ကန်မှုမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ကို သိရှိကြောင်း ဝန်ခံကတိပြုပါသည်။ | ပြေစာထုတ်ယူသူအမည်နှင့် လက်မှတ် |

| | | | |
|---|---|---|---|
| ဌာနမှဖြည့်စွက်ရန်<br>၁၉။ စစ်ဆေးသူအမည်/<br>လက်မှတ်<br>ရာထူး/ဌာနနှင့်<br>ရုံးတံဆိပ် | | ၂၀။ အတည်ပြုသူအမည်<br>လက်မှတ်<br>ရာထူး/ဌာနနှင့်<br>ရုံးတံဆိပ် | |

ပုံစံ (၂၅)

# ငါးလုပ်ငန်းဦးစီးဌာန၏ ရှာဖွေဖမ်းဆီးသည့်ရှာဖွေပုံစံ

[ နည်းဥပဒေများအပိုဒ် ၉၃ ]

၁။ ရှာဖွေဖမ်းဆီးသည့်ရက်စွဲ/ပုဒ်မ ______________________

၂။ ရှာဖွေဖမ်းဆီးသည့် နေရာ ______________________

၃။ ရှာဖွေဖမ်းဆီးခံရသူ၏ အကြောင်းဖော်ပြချက် -

(က) အမည် ______________ (ခ) အဘအမည် ______________

(ဂ) အသက် ______________ (ဃ) နိုင်ငံသားကတ်အမှတ် ______________

(င) အလုပ်အကိုင် ______________________

(စ) နေရပ်လိပ်စာအပြည့်အစုံ ______________________

၄။ ရှာဖွေသိမ်းဆည်းသည့် ပစ္စည်း

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| | | | | |

၅။ ရှာဖွေတွေ့ရှိပုံ ______________________

______________________________________________

______________________________________________

( သိမ်းဆည်းသူ) ( ပေးအပ်သူ )

၆။ အောက်ပါသက်သေများရှေ့မှောက်တွင် သိမ်းဆည်းသည်။

လက်မှတ် ______________

အမည် ______________

အဘအမည် ______________

အသက် ______________

နိုင်ငံသားကတ်အမှတ် ______________

အလုပ်အကိုင် ______________

နေရပ်လိပ်စာ ______________